ဒေါက်တာဆီးဂရေ့(ဗ်)၏

# တောင်ပေါ်ဆေးရုံ

မြင့်နောင် မြန်မာပြန်ဆိုသည်

# My Hospital In The Hills

GORDON S. SEAGRAVE, M.D.



ဒေါက်တာဆီးဂရေ့(ဗ်)၏ တောင်ပေါ်ဆေးရုံ
မြင့်နောင် မြန်မာပြန်ဆိုသည်

*

ဆွတ်ပျံ့ဖွယ်အိပ်မက်တိမ်တောင်

*

အောင့်မေ့တသဖွယ်ရာ မှတ်မိသတိရခြင်းတို့သည် တိုက်ဆိုင်မှု ရှိလာသည့်အခါ စိတ်ခံစားမှုတို့ လှုပ်ခတ်စမြဲပင်။ ဆောင်းဦးပေါက်မှစ၍ ပွင့်တတ်သော ရှမ်းပြည်မှ တောင်နေကြာရိုင်းတို့သည် ကျွန်တော့်အဖို့ စိတ်လှိုင်းခတ်သံ၏ သင်္ကေတ ဖြစ်ခဲ့ရသည်။

၁၉၈၂ ခုနှစ်၊ ရှမ်းပြည်ဆောင်းနံနက်ခင်းသည် မြေပြန့်မှလာသော ကျွန်တော့်အဖို့ အင်မတန် အေးစက်စက်နိုင်လှပါသည်။ စိတ်လှုပ်ရှားနေမှုကသာ အအေးဒဏ်ကို ခုခံနေပုံရ၏။ အလင်းအမှုန်ပျပျ နှင်းက သိမ့်သိမ့်သည်း ကျနေ၏။ နမ့်ခမ်းဈေးနေ့ မနက်ခင်းသည်ကာမျှ သဲသဲကွဲကွဲ မရှိ။ ကိုယ့်အချင်းချင်းသာ ပူးကပ်လျှောက်နေရ၏။ ကျွန်တော့်၊ ကိုတင့်ဆွေ(သီဟတင့်ဆွေ) နှင့် နေမျိုးဇော်တို့ သုံးယောက်သားသည် ရန်ကုန်မှနေ၍ ခရီးစဉ်အဆင့်ဆင့်ဖြင့် လွန်ခဲ့သည့်ညက နမ့်ခမ်းသို့ ရောက်နေကြခြင်းဖြစ်သည်။ ရွှေလီမြစ်တစ်ဖက်ကမ်းရှိ လွတ်မြောက်နယ်မြေသို့ သွားရောက်ကြခြင်း ဖြစ်သည်။ မြန်မာပြည် စစ်အာဏာရှင်လက်အောက်မှ လွတ်မြောက်ရေးအတွက် ယုံကြည်ချက်ကြီးစွာဖြင့် ထွက်လာခဲ့ကြသူများ ဖြစ်သည်။

နောက်မှ ကျွန်တော် သိရသည်မှာ ဗမာလူထု ဆင်းရဲနွံချာသည့် ကျန်းမာရေးအခြေအနေမှ လွန်မြောက်ရေးအတွက် နမ့်ခမ်းသို့ ဒုတိယ ကမ္ဘာစစ် ပြီးစမှာ ရောက်နှင့်နေသည့် ဒေါက်တာဆီးဂရေ့ဗ်ဆိုသည့် မဟာ လူသားက ရောက်ရှိနှင့်နေပြီ ဖြစ်သည်။

သည်လိုနှင့် ကျွန်တော်သည် နမ့်ခမ်းတစ်ဝိုက်ရှိ တအောင်း၊ ပလောင် တောင်တန်းများပေါ်တွင် နှစ်ရှည်လများ ကျောင်းဆရာဘဝဖြင့် ကျင်လည် ရပါတော့သည်။

ဒေါက်တာဆီးဂရေ့ဗ် ထူထောင်ခဲ့သည့် ဆေးရုံဝင်းအတွင်းရှိ ကျောင်းဆောင်တွင် ကျောင်းဆရာအဖြစ် ရှမ်း၊ ပလောင်၊ လီဆူး၊ ကချင် စ သည့် ကလေးတွေကို စာသင်ပေးခဲ့ဖူးသည်။ အချို့ဆိုလျှင် ယခုလက်ရှိ တိုင်းရင်းသားလူမျိုးစု လွတ်မြောက်ရေး အဖွဲ့အစည်းများတွင် ဦးဆောင်မှု အပိုင်းတွင် ပါဝင်နေသူများ ဖြစ်နေကြပြီး မပြီးဆုံးသေးသော လွတ်မြောက်ရေး စစ်ပွဲများကို ကျွန်တော်တို့ ငယ်စဉ်ကအတိုင်း ယုံကြည် စွာ ဆင်နွှဲနေခြင်း ဖြစ်ပေသည်။

ကျောင်းဆရာဘဝတွင် ကျောင်းဝင်းအတွင်းရှိ ဒေါက်တာဆီးဂရေ့ဗ် တည်ဆောက်ခဲ့သော သူနာပြုဆောင်၏ ခမ်းနားထည်ဝါမှုကို ငေးကြည့် ဖြစ်သည်။ ရွှေလီမြစ်အတွင်းရှိ ကျောက်တုံးများဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။ မြစ်အတွင်း ကျောက်တုံးများဖြင့် တည်ဆောက်ထားသော လူနာ ဆောင်ပေါ်မှလည်း ရွှေလီမြစ်၏ ဆည်းဆာကို ငေးကြည့်ခဲ့ဖူးသည်။ ကျောင်းဆရာဘဝမှာ ငှက်ဖျားဖြစ်သောကြောင့် တအောင်းပလောင်ရွာကြီး ဖြစ်သည့် မာန်အောင်တွဲဖက်ကျောင်း ရှိသည့်ရွာမှ ဆေးရုံလာတက်ရ ဖူးသည်။ မာန်အောင်ရွာသည် နမ့်ခမ်းမှ ပေတစ်ထောင်နီးပါး ထပ်တက်ရ သည့် တအောင်းပလောင် ရွာကြီးတစ်ရွာ ဖြစ်ပါသည်။ စာသင်ကျောင်းဝင်း

အတွင်း ညနေခင်းလမ်းလျှောက်ရင်း ဒေါက်တာဆီးဂရေ့ဗ်၏ အုတ်ဂူကို လည်း အတန်ကြာ ရပ်ကာ ကြည့်နေခဲ့ဖူးသည်။ မြင့်မြတ်ကြီးမားလှသည့် စိတ်စေတနာကို ကိုယ့်ခံစားမှုဖြင့် ယှဉ်၍ တွက်ချက်ကြည့်ဖူးပါသည်။

ဒေါက်တာဆီးဂရေ့ဗ်၏ မျိုးဆက်သွေး အဖိုး၏ ဘေးသည် ၁၈၃၄ ခုနှစ်က ပင် "ယုစတပ်ဗင်တန်"သည် ဇနီးသည်နှင့်အတူ မော်လမြိုင်သို့ ခရစ်ယာန် သာသနာပြုအဖြစ် ရောက်ရှိခဲ့သူဖြစ်သည်။ ၁၈၅၂ ခုနှစ်တွင် အလုံတွင် ကျွန်းအိမ်ကြီး တစ်အိမ်ဆောက်၍ ကရင်လူမျိုးများနှင့် သာသနာပြု လုပ်ငန်းကို ဆောင်ရွက်နေပြီ ဖြစ်သည်။

၁၈၈၉ ခုနှစ်တွင် ဒေါက်တာဆီးဂရေ့ဗ်၏ မိဘများသည် ရန်ကုန်သို့ သာသနာပြုရန် အမေရိကားမှ ရောက်ရှိလာခဲ့ကြသည်။ ဖခင်မှာ ကျမ်းစာ သင် ကျောင်းဆင်းဖြစ်၍ မိခင်မှာ ဆေးပညာဘွဲ့ရဖြစ်သည်။

မောင်နှမ သုံးယောက်ရှိခဲ့သည်။ အစ်မကြီး ရေချယ်က ပညာရေးဆိုင်ရာ သာသနာပြုလုပ်ငန်းနှင့် ကျောင်းပြီးပြီး တာဝန်ပေးချက်အရ ရန်ကုန်မှာ အခြေစိုက်သည်။ ဂရေ့စ်နှင့် ဆီးဂရေ့ဗ်က ဆေးပညာသင်ယူပြီး မော်လမြိုင် တွင် တာဝန်ကျသည်။ နောက်ပိုင်းတွင် ဆီးဂရေ့ဗ်၏ အကူအညီတောင်းမှု ကြောင့် နမ့်ခမ်းသို့ ရောက်လာသည်။ ဆီးဂရေ့ဗ်မှာ နိုင်ငံရေးမှုဖြင့် ရန်ကုန် ထောင်တွင် ထိန်းသိမ်းထားစဉ် သူမမှာ နမ့်ခမ်းဆေးရုံတွင် တာဝန်ထမ်း ဆောင်ရင်း ကွယ်လွန်ခဲ့သည်။

ဆရာမြသန်းတင့်က လွမ်းမောဖွယ်ကမ္ဘောဇ ခရီးသွားရသ ဆောင်းပါးရှည်ကြီးထဲတွင် နမ့်ခမ်းနှင့် ဒေါက်တာဆီးဂရေ့ဗ် အကြောင်းကို တို့ထိခဲ့ဖူးသည်။

ကျွန်တော့်တွင် ရှိနေခဲ့သည့် ပိုးတဝါး ပုံရိပ်တို့သည် ဤဘာသာပြန်စာ အုပ်ဖြင့် သိသာ ထင်ရှားလာခဲ့ရပါသည်။

ခံစားမှုပုံရိပ်တို့သည် နီးလိုက်ဝေးလိုက်နှင့် ...


လေးစားစွာဖြင့်..

မြင့်နောင်


***



ဒေါက်တာဆီးဂရေဗ်



ဒုတိယကမ္ဘာစစ်ပြီးစ ဗုံးကျဲချခံထားရသော ဒေါက်တာဆီးဂရေ့ဗ်၏ ဆေးရုံ



ဆေးရုံ၊ နာပြုအဆောင်



ဒေါက်တာဆီးဂရေ့ဗ်၏ တောင်ပေါ်ဆေးရုံလေး




ဆေးရုံဝင်းအပြင်မှ ခရစ်ယာန်ဘုရားရှိခိုးကျောင်းလေး



ဒေါက်တာဆီးဂရေ့ဗ်နှင့် သူ၏သင်တန်းသူ သူနာပြုများ



ဒေါက်တာဆီးဂရေ့ဗ် စီးနင်းနေကြ ဂျစ်ကားလေး




# GOES TO JAIL

## Burma court rules him a traitor

ENTERING PRISON,

ရန်ကုန်ထောင်အဝင် ဒေါက်တာဆီးဂရေ့



ဆေးရုံဝင်းအတွင်းမှ ဒေါက်တာဆီးဂရေစ်အုပ်ဂူ

***

# အခန်း (၁)
## စစ်ကြီးပြီးနောက်

*

ဆယ်နှစ်ကျော်ကြာခဲ့ပြီ..........။

ဗိုလ်ချုပ်စတီးဝဲ(လ်)နှင့် သူ၏တပ်မများ မြန်မာပြည်ထဲသို့ ပြန်ဝင်လာပြီး ဂျပန်ခေတ်အတွင်း ရရှိခဲ့သည့် စစ်ဘေးစစ်ဒဏ်များကို ကုစားရင်း တိုင်းပြည်ကို ပြန်လည် တည်ဆောက်နေသည်မှာ ဆယ်နှစ်ကျော် ရှိခဲ့ပြီ ဖြစ်သည်။

ဗိုလ်ချုပ် စတီးဝဲ(လ်) နှင့်အတူ ကျွန်တော်နှင့် ဆေးရုံဝန်ထမ်းများသည် စစ်အတွင်းကာလ မြန်မာပြည်မှ ဆုတ်ခွာလာခဲ့ကြရသည်။ တောတောင်တို့ကိုဖြတ်၍ အိန္ဒိယအထိ ဆုတ်ခွာ လာခဲ့ကြရသည်။ သမိုင်းတွင်မည့် ဆုတ်ခွာမှုတစ်ခုဖြစ်သည်။ ကျွန်တော်နှင့်အတူ ဆုတ်ခွာလာသည့် ဆေးအဖွဲ့သည် နမ့်ခမ်းဆေးရုံမှ ကျွန်တော် လေ့ကျင့်ပျိုးထောင်ထားသည့် သူနာပြုများဖြစ်ကြသည်။ ဆုတ်ခွာခဲ့ရာ လမ်းကြောင်းအတိုင်းပင် ၁၉၄၄-၄၅ အတွင်းမှာ အောင်မြင်စွာ ပြန်ဝင်လာနိုင် ခဲ့ကြသည်။

မြန်မာပြည်ထဲကို ပြန်ဝင်လာခဲ့သည့် ဆယ်နှစ်တာကာလအတွင်းတွင် များစွာသော အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ကြသည်။ ဗမာပြည်သည်လည်း ထိပ်တန်းသတင်းရပ်ဝန်း ဖြစ်လာခဲ့သည်။ အချို့သော သတင်းများသည် သတင်းမှန်များ မဟုတ်ခဲ့ကြ။

သိပ်မဝေးလှသော အတိတ်ကာလ၏ မြန်မာပြည် ဇာတ်ကြောင်းများကို ကျွန်တော် ပြောပြလိုသည်။

သို့သော် ပြီးပြည့်စုံသော ရုပ်ပုံလွှာတစ်ခုတော့ ဖြစ်လာမည် မဟုတ်ပေ။ ကျွန်တော် မသိမီသော အဖြစ်အပျက်များ ရှိသည်။ ကျွန်တော် နားမလည်သော အဖြစ်အပျက်များ ရှိသည်။ ကျွန်တော် ပုံဖော်သော ဗမာပြည်၏ ရုပ်ပုံလွှာသည် ကျွန်တော့်နိုင်ငံနှင့် ထပ်တူချစ်သော ဗမာပြည်၏ ရုပ်ပုံလွှာဖြစ်ပါသည်။ အမေရိကန် ဆရာဝန်တစ်ယောက်၏ ချစ်သောဗမာပြည်ကို မြင်သောအမြင် ဖြစ်ရသည်။ နေထိုင်ခဲ့ရသောဘဝ၏ လောကဓံအနိမ့်အမြင့် အပြောင်းအလဲတို့သည်လည်း လိုအပ်သလို ပါဝင်ပေလိမ့်မည်။ အလင်းအမှောင်အရိပ် ထိုးကျမှုတို့သည်လည်း ပိုမိုပီပြင်အောင် ပါဝင်ပတ်သက်ပေလိမ့်မည်။

ဗမာပြည် ဇာတ်လမ်းသည် အခက်အခဲနှင့် ကြိုးပမ်းအားထုတ်မှုတို့ ရောပွမ်းနေခဲ့သည်။ တည်ဆောက်ပြီးစီးမှုနှင့် တည်ဆောက်နေဆဲ အရာတို့ကို နိုင်ငံခြားသားတစ်ယောက်၏ အကဲဖြတ်ချက်သက်သက် မဟုတ်ပါ။

ဗမာပြည်တစ်ပြည်လုံး၏ ပြီးပြည့်စုံသော ဇာတ်လမ်းတစ်ခုကို ကျွန်တော် ပြောပြနိုင်မည် မဟုတ်ပါ။ မျက်မှောက်ကာလ ဖြစ်ပျက်နေသော မောပြည်၏ အကြောင်းခြင်းရာ အစိတ်ပိုင်း တချို့ကိုတော့ ကျွန်တော်၏ ပြန်ပြောင်း ပြောပြနိုင်ပါသည်။ ဗမာလူထုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့် ကြိုးစားဖြတ်သန်းမှုများကို ကျွန်တော်ပြောပြနိုင်သည်။ တိုက်ပွဲတွင်းမှ ပျော်ရွှင်မှုများ၊ အပျက်စီးပုံများကို ပြန်လည် တည်ဆောက်ရခြင်းများကို ဗမာလူထု သိခြင်းမျိုးနှင့်အတူ ကျွန်တော် ပြန်ပြောင်း ပြောပြနိုင်ပါသည်။

၁၉၄၅ နွေဦးမှ ဇာတ်လမ်းစရပေလိမ့်မည်။

ဂျပန်တို့ ဆုတ်ခွာစပြုသည့် ဗမာပြည်မြောက်ပိုင်း စစ်မြေပြင်မှာ အမေရိကန်တို့ အောင်ပွဲရနေချိန် ဖြစ်သည်။ ကျွန်တော်တို့၏ ဆေးတပ်ဖွဲ့ကိုလည်း နောက်ထပ် မလိုအပ်တော့သည့် အချိန်အခါလည်း ဖြစ်သည်။ ကျွန်တော့် အနေနှင့်လည်း ဆေးရုံရှိရာ နမ့်ခမ်းကို ပြန်ချင်စိတ်က ထက်သန်နေ၏။ နမ့်ခမ်းတစ်ဝိုက်ရှိ လူထုကို ဆေးဝါးကုသခြင်းအလုပ်ကို တစ်ဖန် ပြန်လည် လုပ်ကိုင်ပေးလိုသည်။

ဗမာပြည်သည် စစ်ဘေးစစ်ဒဏ်ကို အပြင်းအထန် ခံစားခဲ့ရသည်။ နှစ်ကြိမ်တိုင်တိုင် စစ်ဒဏ်သင့်ခဲ့ရသည်။ ပြန်လည်တည်ဆောက်ရေး ကိစ္စများ အရေးတကြီး လိုအပ်နေသည်။ တိုင်းပြည်ကို ချစ်သည့်၊ တတ်နိုင်သည့်သူတိုင်း ပြန်လည် တည်ဆောက်ရေးမှာ ပါဝင်ကြရမည့် အခြေအနေပင်။ ကျွန်တော်၏ ဆရာဝန်ဘဝသည်လည်း ဗမာပြည်အတွက် လိုအပ်သည်။

ကျွန်တော့်ဘဝ အနာဂတ်လိုအပ်ချက် တောင်းဆိုမှုသည် ဧပြီလတွင် မြို့ပြပြည်သူ့ဝန်ထမ်း ဆေးဘက်ဆိုင်ရာ အရာရှိချုပ်အဖြစ် မြောက်ပိုင်းရှမ်းပြည်တွင် တာဝန်ပေးအပ်ခြင်း ခံရသည်။ မိမိကိုယ်တိုင်ကလည်း ဝမ်းမြောက်ဝမ်းသာကြိုဆို လက်ခံလိုက်သည်။ ရှမ်းပြည်မြောက်ပိုင်းက ရင်းနှီးကျွမ်းကျင်ပြီးသား။ ဘာသာစကား အနေနှင့်လည်း အခက်အခဲ မရှိ။ အမေရိကားမှာ ခွင့်အဖြစ် ခံစားနေထိုင်ပြီးနောက် လုပ်ငန်း စတင်လည်ပတ်ရန်သာ ရှိတော့သည်။

တောင်ကြီးမှာ ရုံးချုပ်ရှိမည်ဖြစ်သည်။ ယင်းဒေသကို အခြေခံ၍ ဆေးဝါးကုသမှုကို နယ်လှည့်ရမည်။ ကျွန်တော်၏ မူလဇာတိ ခြေခံရာဖြစ်သည့် နမ့်ခမ်းဆေးရုံလည်း ပါဝင်မည်။

စစ်အတွင်းကာလမှာ ကျွန်တော်ရဲ့ နမ့်ခမ်း ဘာတွေ ဖြစ်ပျက်ခဲ့ပါလိမ့်။ စစ်အတွင်းမှာ ဂျပန်တို့ နမ့်ခမ်းကို သိမ်းခဲ့သည်ကို ပထမဦးဆုံး သိရသည်။

ဆေးရုံကို စစ်စခန်းဖွင့်သည်။ ဆေးရုံအဆောင်ကို စစ်တန်းလျား လုပ်ကြသည်။ ယင်းအတွက်ကြောင့်ပင် ဆေးရုံအဆောက်အဦသည် အမေရိကန်လေတပ်မတော်၏ တိုက်ခိုက်ခြင်းကို ခံရတော့သည်။ ထို့ကြောင့်ပင် နမ့်ခမ်းနှင့် နီးလာသည့်အခါ စစ်သုံးမှန်ပြောင်းဖြင့် ကျွန်တော်ကြည့်သည့်အခါ သုံးလေးမိုင်အဝေးမှပင် ဆေးရုံ အပျက်အစီးကို ထင်းထင်းကြီး မြင်တွေ့နေရသည်။

ကျွန်တော်၏ နေအိမ်ဟောင်းရှိရာမြို့ နမ့်ခမ်းကို စိတ်လှုပ်ရှားစွာဖြင့် ချဉ်းကပ်လာမိ၏။ လမ်းကလည်း စစ်ဘေးစစ်ဒဏ်ကြောင့် အပြိုပြို အလဲလဲ။ ချုံနွယ်ပိတ်ပေါင်းများက လမ်းပေါ်ထိ ရောက်နေသည်။ ဗုံးဒဏ် ခံရသည့် သစ်ပင်အပိုင်းအပြတ်များက လမ်းပေါ် ပိတ်ဆို့ပြန့်ကျဲနေခဲ့သည်။ မြို့အဝင်ဝမှာ ပေါင်တစ်ထောင်လေးသည့် ဗုံးဒဏ်ကြောင့် ဖြစ်ပေါ်လာရသည့် ကျင်းဝကျယ်ကြီးကို တွေ့ရသည်။ ဗုံးဒဏ်သင့် ကျင်းဝကြီးများကို နေရာအနှံ့မှာ တွေ့ရ၏။ မြင်တွေ့လိုက်ရသည့် ဆေးရုံကမူ တစ်စိတ်တစ်ပိုင်းသာ ပျက်စီးသည်ကိုသာ တွေ့ရသည်။ ခွဲစိတ်ခန်းနှင့် အမျိုးသမီးလူနာဆောင်မှာမူ လုံးဝ ပျက်စီးသွားသည်။ အမျိုးသားလူနာဆောင်မှာ မပျက်မစီး ရှိနေသေးသည်။ ကျွန်တော့်ရုံးခန်းမှာ ကျည်ဆန်ရာများ ရှိသည်ကလွဲ၍ အကောင်းပကတိ။ သွပ်ပြားအမိုးများမှာမူ အကုန်နီးပါး လန်ထွက်လျက်..... ။ သူနာပြုအဆောင်မှာ သိပ်တော့ မပျက်စီး။ အခြားအဆောက်အဦများ သည်လည်း သုံး၍ ရနိုင်သည့်အခြေအနေမှာ ရှိနေသေးသည်။ နေရာအနှံ့မှာ အုတ်ကျိုးအုတ်ပဲ့စများနှင့် အမှိုက်သရိုက်များဖြင့် ... ....။

သန့်ရှင်းရေးလုပ်ဖို့ ရောက်ရောက်ချင်း စတင်ရတော့သည်။ ကျွန်တော်တို့မှာ ပါလာသည့် ဝန်ထမ်းလည်း အရန်သင့်။ ဒေသခံများကလည်း လူတိုင်း

နီးပါး ကူညီကြသည်။ အမှိုက်သရိုက်များ၊ အဝေးသို့ပစ်ဖို့ရာ ဒေသခံရွာသားတွေဖြစ်တဲ့ ရှမ်း၊ ကချင်လူမျိုးတို့က ငွေကြေးမယူဘဲ ကူညီပေးခဲ့ကြသည်။ အမေရိကန် အင်ဂျင်နီယာတပ်ထဲမှာ ရှိတဲ့ ဘူဒိုဇာနဲ့လည်း ဗုံးကျင်းကျယ်ကြီးတွေကို ဖို့ပစ်ကြရသည်။ စစ်အင်ဂျင်နီယာတွေ ကိုယ်တိုင် ရှင်းလင်းရေးမှာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုးထိုးထောင်ထောင်နှင့် အဆောက်အဦပျက်၏ သံယက်မများကို ဖယ်ရှားရန် အင်ဂျင်နီယာများကို အကူအညီတောင်းသည့်အခါ သူတို့မှာ ကရိန်းမရှိ ဟု ဆိုပြန်သည်။ ဤသို့နှင့် ကျွန်တော်တို့၏ ရှမ်း၊ ကချင် အလုပ်သမားများကို အကူအညီတောင်းရပြန်တော့သည်။

ဂျပန်များ ချန်ထားခဲ့သည့် မော်တော်ယာဉ်သုံး ဂျိုက်နှစ်ခုကို ကံအားလျော်စွာ ပြန်တွေ့ရှိသည်။ တတ်နိုင်သမျှလည်း ရှာပြီး ငှားသည်။ ဇရာမဝါးပိုးလုံးများကို အသုံးပြုရန် ဖြတ်သည်။ ရှမ်းပန်းရန်ဆရာနှစ်ဦးက အလုပ်သမားများကို ဦးစီး၍ ဆေးရုံနံရံကို အသုံးပြု၍ ရအောင်လုပ်သည်။

ဆေးရုံသွပ်မိုးပြားများမှာ ကျည်ဆန်ရာတို့ဖြင့် ပြည့်နှက်နေ၏။ လက်သမားဆရာက "**ဆေးရုံအမိုးကို သက်ကယ်မိုးမလား**" ဟု ပြောတော့ "**မမိုးဘူး။ ဗုံးဒဏ်ကြောင့် စုတ်ပြတ်သတ်သွားတဲ့ သွပ်ပြားကလွဲလို့ အားလုံးကို ပြန်သုံးမယ်**" ဟု ကျွန်တော်က ပြောလိုက်သည်။

"**သွပ်ပြားမှာက အပေါက်တွေနဲ့လေ**"

"**ဟုတ်တယ်လေ။ ဦးနှောက်သုံးရမှာပေါ့။ စဉ်းစားကြည့်လေ**"

အလုပ်သမားများက သွပ်ပြားဟောင်းများကို ပြန့်ပြူးသွားအောင် ထုရိုက်နေကြသည်။ လက်သမားဆရာက လျှောက်ပတ်ကြည့်ရင်း ခေါင်းကုတ်စဉ်းစားနေသည်။ ဂျပန်များ ဖွက်ထားခဲ့သည့် လေးထောင့်ခဲတုံးအမြောက်အမြားကို ကျူပင်ကိုင်းတောထဲတွင် သွားတွေ့သည်။ ထိုအရာ

အားလုံးကို အရည်ကျိုသည်။ ပုံပြန်သွင်းသည်။ ခဲတန်အရွယ် အများအပြား ရရှိသည်။ လက်မဝက်ခန့်အရွယ် ဖြတ်တောက်သည်။ ဖြန့်ကားထားသော သွပ်ပြားများပေါ်ရှိ အပေါက်များကို ရပစ်ရိုက်ထည့်သည်။ မိုးရေ မယို အောင် ကတ္တရာလောင်းသည်။

ဤနည်းဖြင့် သွပ်ပြားဟောင်းများကို ပြန်သုံးသည့်တိုင် ဆေးရုံမိုးရန် မ လုံလောက်။ လက်သမားဆရာက ဗုံးဒဏ်ကြောင့် စုတ်ပြတ်နေသည့် သွပ်ပြားများကို ကောက်ယူဖြန့်သည်။ အပိုင်းစများကို နှစ်ထပ် ထပ်သည်။ သံဖြင့်ရိုက်၍ တပ်သည်။ အမိုးပြုရန် ရရှိလာသော သွပ်ပြားများသည် ယခင်လောက်တော့ မလှပါ။ စစ်မဖြစ်မီက အမိုးစိုဖြင့် လှပခဲ့သော ဇန်း မော်ကားလမ်းမှနေ၍ မိုင်သုံးဆယ်လောက်ကထိ လှလှပပ မြင်တွေ့ရသော အမိုးနီ နမ့်ခမ်းဆေးရုံမျိုးတော့ မဟုတ်တော့ပေ။ ရှမ်းတောင်တန်းများကို နောက်ခံထားသည့် ပတ္တမြားတုံးသဖွယ် တင့်တယ် လင်းလက်ခဲ့သည့် ဆေးရုံဖြစ်ခဲ့ဖူးသည်။ ယခုတော့ အမိုးက စစ်မြေပြင်မှာ ပုံဖျက်ထားသလို အမျိုးမျိုး....။ ယင်းသို့ ဖြစ်ပွားရခြင်းသည်လည်း သင့်လျော်ပါပေသည်ဟု စိတ်ထဲတွင် ထင်မြင်မိသည်။ အကြောင်းမူကား တစ်ဖက်မှ ကွန်မြူနစ် တရုတ်ပြည်သည် ဝေဟင်အားဖြင့် တစ်မိုင်သာ ခြားပေသည်။

သူနာပြုများမှာ နေရာဟောင်းကို ပြန်ရသည့်အတွက် ပျော်ရွှင်နေကြ၏။ စစ်တပ်ဆေးအဖွဲ့မှ ရွှေ့ပြောင်းလာမည့် လူနာများကို ပြုစုကုသပေးရန် ပြင်ဆင်နေကြသည်။ မကြာမီ အချိန်တွင်းမှာပင် ဆေးရုံခုတင်သုံးရာ ပြည့် သွားတော့သည်။

လအနည်းငယ် ကြာပြီးနောက် မြန်မာပြည်မြောက်ပိုင်း စစ်မြေပြင်သည် ပြီးဆုံးသွားသည်။ ကျွန်တော်၏ ရှမ်းပြည်မြောက်ပိုင်း ကျန်းမာရေးအရာရှိ ချုပ် တာဝန်သည်လည်း စတင် သက်ဝင်လာတော့၏။ တာဝန်အသစ်ထမ်း

ဆောင်ရမှုမှာ ကျွန်တော် ပျော်ပါသည်။ စိုးရိမ်ပူပန်မိသည်က တောင်ကြီးရုံး ချုပ်မှာ သို့မဟုတ် နယ်လှည့်ဆေးကုသမှု တာဝန်ကို ယူနေချိန်မှာ နမ့်ခမ်း ဆေးရုံတာဝန်ကို လစ်ဟင်းမှာ ဖြစ်သည်။ သို့သော် ဤစိုးရိမ်ပူပန်မှုသည် လည်း မကြာခင်မှာ ပြေလည်သွားခဲ့၏။

ကျွန်တော့်အစ်မ ဆရာဝန်ဂရေ့(စ်) ရှိသည်။ ဂျွန်ဟော့ကင်း ဆေး တက္ကသိုလ်မှ ကျွန်တော့်နောက် နှစ်နှစ်နောက်ကျပြီး ဆရာဝန်ဘွဲ့ရသည်။ မော်လမြိုင်ဆေးရုံမှာ တာဝန် ထမ်းဆောင်နေသည်။ သူမက ကရင် စကားတတ်သည်။ ဗမာစကားလည်း တတ်သည်။ ကျွန်တော်တို့ ကလေး ဘဝကတည်းက သင်ကြားခဲ့ရသည်။ လွိုင်ကော်မှာလည်း တာဝန်ထမ်း ဆောင်ဖူးသူ ဖြစ်သည်။

ပုလဲဆိပ်ကမ်း တိုက်ခိုက်ခံရစဉ်က ဂရေ့(စ်)မှာ အမေရိကမှာ လုပ်သက် ခံစားခွင့်နှင့် ရောက်ရှိနေချိန် ဖြစ်သည်။ ဂရေ့(စ်)ကိုယ်တိုင်က ဗမာပြည် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းမှာ သူမ ပါဝင်ချင်သည်ဟု တောင်းဆို ထားသည်။ သို့နှင့် အဆင်ပြေသွား၏။ ကျွန်တော်က တောင်ကြီးတွင် ဆေး ဘက်ဆိုင်ရာ အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ် သူမက နမ့်ခမ်း ဆေးရုံကို တာဝန်ယူရမည် ဖြစ်သည်။

***